# မီးကျွမ်းသစ်

## Bringing Out the Grain

အိမ်နီးချင်းတစ်ဦး၏ အားလပ်ရက် အပန်းဖြေတဲကလေးကို ပေါ့ဆမီးကြောင့် မီးလောင်ကျွမ်းသွားပြီးနောက် သစ်တောထဲတွင် ဖုံးပေါက်ကွဲထားသကဲ့သို့သော အရှုတ်အထွေးများကို ကျွန်ုပ်ကူညီရှင်းလင်းပေးခဲ့ရသည်။ ယခင်က အပန်းဖြေနားနေရာ တိတ်ဆိတ်ငြိမ်သက်သော တဲကလေးသည် နောက်ထပ်တဲသစ်တစ်လုံး မဆောက်မီ ပြန်လည်ရှင်းလင်းပြစ်ရမည့် မီးကျွမ်းထားသော သစ်သားပုံများ၊ အုတ်အကျိုးအပဲ့များ ဖြစ်ခဲ့ချေပြီ။ ထိုအပျက်အစီးများ ရှင်းလင်းရေးတွင် ကြမ်းခင်းပျဉ်များမှသည် ကြီးမားသောရက်မကြီးများအထိ မီးကျွမ်းထားသော သစ်သားများကို ဖယ်ရှားပြစ်ရသည်။ အချို့သစ်သားများမှာ မီးသွေးဖြစ်နေပြီး အချို့မှာ ပြာဖြစ်နေပြီ။ သို့သော် အချို့သစ်သားများမှာမူ ဖြတ်တောက်၍ ထင်းအဖြစ်အသုံးပြုနိုင်သေးသည်။ မီးမစွဲသော အချို့သစ်သားများကိုမူ တဲသစ်ပြန်လည်ဆောက်လုပ်ရာတွင် အသုံးပြုနိုင်သေးသည်။ ထိုတဲသည် တစ်ခါကဤနေရာတွင် ရှိနေခဲ့ပြီး နောက်နေ့တွင် ဤနေရာမှ ကွယ်ပျောက်သွားချေပြီ။ တဲကလေးတစ်လုံး ရှိခဲ့ဖူးပါသည်ဟု ပြောစမှတ်အဖြစ်မီးခိုးငွေ့ မွှန်ပြီး မီးကျွမ်းနေသော သစ်သားစများကိုသာ ချန်ထားရစ်ခဲ့သည်။ အရာတိုင်းသည် အဘယ်ကြောင့် ဤသို့နေ့မြင်ညပျောက် ဖြစ်ရပါသနည်း။

အဆိုပါ တဲအိုကြီး၏ အကြွင်းအကျန်များကဲ့သို့ ခံစားခဲ့ရသော ကာလတစ်ခုကို မကြာသေးမီကပင် ကျွန်ုပ်ဖြတ်သန်းခဲ့ရသည်။ ကျွန်ုပ်အတွက် အနာဂတ်ဟူ၍ ရှိမည့်ပုံမပေါ်ပေ။ နောက်ဆုံးအချိန်အဖြစ် လောင်ကျွမ်းပျက်စီးခြင်းပါပဲ။ ကျွန်ုပ်၏ အသုံးဝင်မှုများသည်လည်း ကုန်ဆုံးလွန်မြောက်ခဲ့ချေပြီ။

သို့သော် မိတ်ဆွေတစ်ဦးက သူ၏ ဝိုင်များသိုလှောင်ရာ မြေအောက်ခန်းသို့ အလည်အပတ်ခေါ်ခဲ့သည်ကို သတိရမိသည်။ မျက်နှာကျက်ကို ရက်မများဖြင့် ပင့်မထားပြီး၊ သစ်များစွာ အိုမင်းရင့်ရော်သော သက်တမ်းရင့်သစ်များဖြစ်မည်ဟု ကျွန်ုပ်ယူဆမိသည်။

“မဟုတ်ဘူး၊ ဒါက အခုမှ ဆောက်ထားတဲ့ မြေအောက်ခန်းပါ။ သစ်သားအသစ်တွေကိုပဲ သုံးထားတာ။ ဒါပေမဲ့ သစ်တွေကိုကျပ်တိုက်ပြီးထားတော့ အသားသေပြီး ပေါ့ပါးသွားတယ်။ ဒါကြောင့် သစ်တွေက သစ်အဟောင်းတွေနဲ့ တူနေတာ” ဟုပြန်ဖြေလိုက်သဖြင့် ကျွန်ုပ်အံ့အားသင့်ခဲ့ရသည်။

သူတို့သည် သစ်များကို မီးကျွမ်းလုနီးပါး ကျယ်တင်ပြီး ပြောင်းလဲအသုံးပြုခြင်းသည် သစ်၏ အရည်အသွေးကို တောက်ပလာစေသည့်အပြင် မြေအောက်ခန်း၏အလှကိုလည်း ခပ်မှိုင်းမှိုင်းအရောင်ဖြင့် တင့်တယ်လာစေကြောင်း သဘောပေါက်ရပါသည်။

“ချစ်သူတို့ သင်တို့ကို စုံစမ်းစရာတို့ ယခုခံရသော မီးစစ်ခြင်းအရာကိုကား သင်တို့၌ အံ့သြဖွယ်သောအရာဖြစ်သည်ဟု ထင်မှတ်၍ အံ့သြခြင်းမရှိကြနှင့်။ သင်တို့သည် ခရစ်တော်၏ ဆင်းရဲကိုဆက်ဆံကြသည်ဖြစ်၍ ဘုန်းတော်ပေါ်ထွန်းသောအခါ အလွန်ဝမ်းမြောက်ရွှင်လန်းမည့်အကြောင်း ယခုပင်ဝမ်းမြောက်ကြလော့။” (ရှင်ပေတရုသြဝါဒစာ ပဌမစောင် ၄း ၁၂ – ၁၃)

(ဂျေးဖီးလစ်)
(By. Jay Phillips)

# ဆုလာဘ်

## The Prize

ကျွန်မသည် စာရေးခြင်းကို ဝါသနာထုံသော်လည်း လွယ်ကူလှသည်တော့ မဟုတ်ချေ။ တစ်ခါတစ်ရံ သဘောပေါက်ရန်ပင် အတော်ကြီးကြိုးစားရုန်းကန်နေရသည်။ ထိုသို့ကြိုးစားအားထုတ် ရေးသားနေရခြင်းကို မရပ်နားနိုင်သည့်အပြင် ယင်းသည် မကောင်းမှုကို ပြုလုပ်ခြင်းမဟုတ်။ အဘယ်ကြောင့်ဆိုသော် အောင်မြင်ပြီးမြောက်သွားပါက အပြုသဘောရလဒ်ကောင်းများ ထွက်ပေါ်လာမည့်အပြင် စိတ်အစာကိုလည်း ပြေစေသောကြောင့် ဖြစ်ပေသည်။ အဖြေရှိထားပြီးဖြစ်သော စားမေးပွဲတစ်ခုကို အောင်မြင်လျှင် သို့မဟုတ် ပင်ပန်းကြီးစွာ မပြေးရပါဘဲ တာဝေးခရီးပန်းတိုင်အမှတ်အသားမျဉ်းကြောင်းကို ကျော်ဖြတ်သွားလျှင် မည်သို့သော စိတ်အစာပြေမှုမျိုးကို ရရှိပါမည်နည်း။ တောင်ထိပ်တစ်ခုပေါ်တွင် ရဟတ်ယဉ်ကိုနှိမ့်ချပဲပျံခြင်းဖြင့် ထိုတောင်ထိပ်ကို ဓါတ်ပုံရိုက်ယူနိုင်သည့် အခွင့်အလမ်းကြီးတစ်ခု ရရှိနိုင်ပေသည်။ တောင်ထိပ်သို့ သင်ကိုယ်တိုင်တက်ရောက်သည့်အခါရရှိသော ချီးမြှောက်မှုမျိုးနှင့် တူညီနိုင်မည်မဟုတ်ပေ။

ကျွန်မသည် သား(၂)ဦး၏ မိခင်ဖြစ်သည်။ တစ်ဦးမှာမတ်တတ်ပြေးစဖြစ်ပြီး တစ်ဦးမှာ လသားအရွယ်ဖြစ်သည်။ သူတို့ကို ပြုစုပျိုးထောင်ကြီးပြင်းလာသည်ဟုပင် သဘောထားကာ စိတ်လက်ပေါ့ပါးစွာ နေနိုင်သည်။ မတန့်မနား ရောင်းဝယ်ဖေါက်ကားသောအလုပ်မျိုးကိုဖြစ်စေ၊ အမြတ်ခွန်ကြီးလေးစွာ ပေးဆောင်ရမည့်အလုပ်ကိုဖြစ်စေ မည်သည့်အလုပ်ကိုမျှ မလုပ်ခဲ့ပါ။ အဘယ်ကြောင့်နည်း။ အကြောင်းမှုကျွန်မတွင် ပြီးပြည့်စုံသော စိတ်ကျေနပ်မှု ရရှိနေသောကြောင့်ပင်တည်း။ (ဟေဗြဲသြဝါဒ ၄း၁၁) တွင် “ထို့ကြောင့် ဣသရေလ လူတို့သည် ယုံကြည်သောစိတ်ရှိသဖြင့်လဲ သကဲ့သို့ ငါတို့သည် မလဲ၊ ထိုချမ်းသာထဲသို့ ဝင်ရမည့်အကြောင်းကို ကြိုးစားအားထုတ်ခြင်းဖြင့် ငြိမ်းချောက်ခြင်း ချစ်ခြင်းမေတ္တာနှင့် ခွန်အားတို့ကို ရရှိနေသောကြောင့်ပင်တည်း။

ထို့ကြောင့် ကျွန်မသည် ဘဝ၏ ရုန်းကန်လှုပ်ရှားမှုများမှ ရှောင်လွှဲရန် ကြိုးစားမည့်အစား ထိုရုန်းကန်လှုပ်ရှားမှုများကို ဖန်တီးပေးသောဘုရားသခင်အား ကျေးဇူးတင်ရန် ဆုံးဖြတ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုအရာများကို ကျွန်ုပ်တို့ဘဝများထဲသို့ စိတ်ကျေနပ်မှု ပီတိ၊ ခွန်

အား၊ ယုံကြည်မှု၊ နှိမ့်ချမှုနှင့် ဂရုဏာတရားတို့ဖြင့် ဘုရားသခင်က အသုံးပြုသယ်ဆောင်လာပေးနိုင်သောကြောင့်ပင်ဖြစ်သည်။ ဖြတ်သန်းသော လမ်းသည် ကြမ်းတမ်းခက်ထန်သည့်အခါတိုင်း အခက်အခဲများ ကြုံတွေ့ရသည့်အခါတိုင်း ယင်းတို့ကို ဆုလာဒ်အဖြစ် ကျွန်မရှုမြင်သုံးသပ်မိပါသည်။

(လင်ဒါအက်စ်မာတင်)
(By. Linds S. Martin)